# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 14, 2019 Volume 25, Number 8


| | |
|---|---|
| **၁၄.၁၁.၂၀၁၉** | |
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၁/- ကျပ် |
| CBM Rate | = ၁၅၁၆.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၅.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အခြေခံစပါးဈေးနှုန်းအောက်ကျနိုင်သည့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အခြေခံဈေးဖြစ်သော စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ဝယ်ယူနိုင်ရေး စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရန်ညှိနှိုင်းနေ



အခြေခံစပါးဈေးနှုန်းအောက်ကျနိုင်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အခြေခံဈေးနှုန်းဖြစ်သည့် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် စပါးဝယ်ယူနိုင်ရေး စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရန် စပါးဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ ညှိနှိုင်းနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေး အဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ ကျင်းပခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အောက်တိုဘာ ၉ ရက်၌ ပြုလုပ်ခဲ့သည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ အစည်း အဝေးတွင် တင်ဒါစနစ်အပါအဝင် အခြားနည်းလမ်းများဖြင့် စပါးဝယ်ယူနိုင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များက စပါး၊ ဆန် ဝယ်ယူ ရန် စီမံချက်များတင်ပြခဲ့ကြောင်း၊ ဆွေးနွေးချက်အရ လက်ရှိအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်သာ ဝယ်ယူရန် လိုအပ်သည်ကိုတွေ့ရှိရပြီး၊ အဆိုပါတိုင်းဒေသကြီးတို့မှ စပါး၊ ဆန် ဝယ်ယူရန်အတွက် ရန်ပုံငွေများတောင်းခံလာသဖြင့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပ ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဦးဆောင်အဖွဲ့အနေဖြင့် အောက်တိုဘာ ၁၅ ရက်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ငါးသိန်းဖြင့် ဝယ်ယူရန် အခြေခံဈေးကို သတ်မှတ်

ပေးခဲ့ပြီးဖြစ်သည်။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် စပါးဈေးကျ နေသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ဝယ်ယူပေးနိုင်ရန်အတွက် လိုအပ်သောလည်ပတ်ရန်ပုံငွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ်တွင် ထည့်သွင်းပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ဆက်လက်ပြောကြားသည်။ အဆိုပါ အစည်းအဝေးတွင် တက်ရောက်လာသူများက စပါး၊ ဆန်ဝယ်ယူမည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဝယ်ယူနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရန် အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးရရှိချက်များကို ဦးဆောင်အဖွဲ့သို့ ဆက်လက်တင်ပြမည်ဟု သိရသည်။

လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ အခြေခံစပါးဈေးနှုန်းအောက်ကျဆင်းသည့်ဒေသများတွင် နိုင်ငံတော်က ကျပ် ၁၅ ဘီလျံဖြင့် စပါး ဝယ်ယူရန် စီစဉ်ထားပြီး ပဲခူးတိုင်းဒေသကြီးတွင် ကျပ်ရှစ်ဘီလျံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျပ်ငါးဘီလျံဖြင့် ဝယ်ယူရန် စီစဉ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ရှိ Sule Shangri –la Hotel ပြုလုပ်သည့် "Doing Business 2020 and Way Forward" အခမ်းအနားအပြီး သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ကျွန်တော်တို့ လုပ်ခဲ့တာတော့ အဆင့်ဆင့်လုပ်ခဲ့တာပေါ့။ ပထမကတော့ အခြေခံဈေးနှုန်းထက် ကျမယ်ဆိုရင် ဝယ်ယူဖို့ ရန်ပုံငွေပေါ့လေ။ ရန်ပုံငွေကတော့ Initially ၁၅ ဘီလျံ လျာထားပါတယ်။ အဲဒီ ၁၅ ဘီလျံကတော့ ထုတ်ထားပြီးပြီ။ ကျွန်တော်တို့မှာ အဆင်သင့်ပဲ ဖြစ်ပါတယ်ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

**Source:**https://news-eleven.com/article/145292

## အထည်ချုပ်သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ်တစ်လခန့်တွင် တင်ပို့မှုတန်ဖိုး ဒေါ်လာ သန်း ၃၂၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ သန်း ၄၀ ခန့် ပိုမိုတင်ပို့ခဲ့



အထည်ချုပ်(ချုပ်ပြီးအထည်)သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် တင်ပို့မှု တန်ဖိုး ဒေါ်လာသန်း ၃၂၀ ကျော်ရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာသန်း ၄၀ ခန့်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက် အထိ ပြည်သို့ အထည် ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှု ဒေါ်လာ ၃၂၅ သန်းရှိသည်။ ယခင်နှစ်ကာလတွင် ဒေါ်လာ ၂၈၇ သန်း ကျော်သာ တင်ပို့ထားနိုင်ခဲ့သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၈ သန်းခန့် ပိုမိုတင်ပို့ထားခြင်းဖြစ်သည်။ အခုလက်ရှိမှာ ဒေါ်လာ ၃၂၅ သန်းပေါ့။ ကာလတူနဲ့ယှဉ်ရင် ဒေါ်လာ ၃၈ သန်းလောက်ပိုတဲ့ အနေအထားမှာရှိတယ်။ သူကတော့ အတိုးတက်ဆုံးပေါ့ဟု လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ် လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထား ကြောင်း ၂၀၁၉ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဥ္စမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ ကျွန်မတို့ ကဏ္ဍမှာ အလုပ်သမားတိုးတာက ငါးဆ၊ ဝင်ငွေတိုးတာက ၁၀ ဆပေ့ါနော် ။ ဒါဆိုရင် ကျွန်မတို့ အလုပ်သမားတွေရဲ့ ထုတ်လုပ်မှုကို နှစ်ဆတိုးအောင်လုပ်ရမယ်။ အဲဒီအတွက် တောက်လျှောက်ဆောင် ရွက်နေပါတယ်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း ထုတ်လုပ်မှု ကဏ္ဍတွင် အထည်ချုပ်ကဏ္ဍ၌ အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်းရှင်များအသင်းတွင်အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမားခန့်ထားမှုမှာလည်း ငါးသိန်းကျော်ရှိသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ ရာခိုင်နှုန်းခန့်သာရရှိကြောင်းသိရသည်။ မြန်မာနိုင်ငံက ချုပ်ခကို ဝင်ငွေအနေနဲ့ရတာ။ ဒါက ပျမ်းမျှအနေနဲ့ပြောတာပါ။ တချို့ဆို ရှစ်ရာခိုင်နှုန်းလောက်ပဲ ရတဲ့သူ တွေရှိတယ်။ တချို့ဆို ၁၂ အထိရတဲ့သူတွေရှိ တယ်။ High Value Price ဆို နည်းနည်းပိုရတာပေ့ါ။ အရည်အသွေးကောင်းပြီး သေချာချုပ်ထားတာကတော့ ၁၂ ရာခိုင်နှုန်း လောက် ရတယ်။ အရမ်းပေါပေါလောလောကြီးနဲ့ သိန်းနဲ့ချီပြီးအပ်ပြီး ချုပ်ခအရမ်းနည်းတဲ့ဟာတွေက ရှစ်ရာခိုင်နှုန်းလောက်ပဲရတယ်။ ဒါကြောင့်မို့ ပျှမ်းမျှကို ၁၀ ရာခိုင်နှုန်းလို့ပြောတာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောကြားသည်။

လက်ရှိအချိန်တွင် CMP လက်ခစား လုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်း ၃၀၀ ခန့်သာ ဝင်ငွေရှိသော်လည်း အဆိုပါလုပ်ငန်းများကို FOB စနစ်ကို ဆောင်ရွက် နိုင်မည်ဆိုပါက ဒေါ်လာသန်း ၃၀၀၀ (သုံး ဘီလျံ)အထိ နိုင်ငံ့ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှသိရသည်။ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့သည့် CMP လက်ခစားစနစ်ကို မြန်မာနိုင်ငံ၌ ၁၉၉၀ ခုနှစ်က အထည်ချုပ်လုပ်ငန်းနှင့် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် ဖိနပ်၊ အိတ်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ကုန် ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဆံပင်အတုလုပ်ငန်းများ အပြင် အခြားသောလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလုပ်ငန်းပေါင်း ၇၀ ကျော်အထိရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် CMP လက်ခစား စနစ်လုပ်ငန်းသည် နှစ်ပေါင်းသုံးဆယ်ခန့်ရှိလာပြီဖြစ်သော်လည်း ကိုယ်တိုင်ထုတ်လုပ်နိုင်သည့်အခြေအနေသို့ တက်လှမ်းနိုင်ခြင်းမရှိသေးကြောင်းသိရသည်။

**Source:**https://news-eleven.com/article/144727

## ရွှေဈေး ပြန်ကျလာပြီး ဝယ်လိုအားများနေ



ကမ္ဘာ့ရွှေဈေးတက်ခြင်းနှင့် ပြည်တွင်းဘဏ်ဂယက်ကြောင့် တစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်းအထိ မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးသည် ပြန်လည်ကျဆင်းလာပြီး ဈေးကွက်အတွင်း ဝယ်လိုအားများနေသည်ဟု ပြည် တွင်းရွှေဈေးကွက်မှ သိရသည်။ နိုဝင်ဘာ ၈ ရက်က တစ် ကျပ်သားလျှင် ကျပ် ၁၂ သိန်း အောက် စတင်ရောက်ရှိပြီး နိုဝင်ဘာ ၁၃ ရက်တွင် ကျပ် ၁၁၈၉၀၀၀ အထိ လျော့ကျခဲ့သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ထားသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းခြင်း၊ တစ်ရှိန်ထိုးပြန်လည်ကျဆင်းလာခြင်းနှင့် ပြည်တွင်းငွေလဲဈေးနှုန်းတွင် ဒေါ်လာဈေး

ကျဆင်းလာခြင်းကြောင့် ရွှေဈေးပြန်ကျလာခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆိုသည်။ ကမ္ဘာ့ဈေးကျလို့ ဈေးကျတာပါ။ တခြားကိစ္စမပါပါဘူး။ အရင်ဈေးတက်တုန်းက ဝယ်ထားတာတွေလည်း ပြန်ထွက်မလာသေးဘူးဟု ၎င်းကဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဩဂုတ်အတွင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂ သိန်းကျော် မြင့်တက်ခဲ့သည်။ ထို့အပြင် ပြည်တွင်းဘဏ်များဂယက်ကြောင့် ရွှေအလုအယက်ဝယ်ယူသူများလာပြီး စက်တင်ဘာ ၅ ရက်တွင် တစ်ကျပ်သားလျှင် ၁,၃၀၇,၀၀၀ အထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကျလို့ ပြည် တွင်းရွှေဈေးက အချိုးကျလိုက်ကျတာပါ။ အခုတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ ဈေးကတော့ အကျဘက်ကို ဆက်ရှိနေမှာပါဟု ရွှေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီဒါရိုက်တာ ဦးအုန်းမြင့်ကပြောသည်။ ပြည်တွင်းရွှေဈေးကွက်တွင် လက်ဝတ်ရတနာရောင်းအား ကောင်းနေပြီး ရွှေတုံးရွှေခဲလည်း အဝယ်လိုက်နေသည်ဟု ၎င်းကဆိုသည်။ ယခုရာသီသည် နယ်ဘက်များတွင် သီးနှံ ပေါ်ချိန်ဖြစ်၍ လက်ဝတ်ရတနာဝယ်လိုအား များနေခြင်းဖြစ်သည်ဟု ရွှေဆိုင်ပိုင်ရှင် ဦးအောင်သင်းကဆိုသည်။ ကမ္ဘာ့ရွှေဈေး သည် နိုဝင်ဘာ၁၃ ရက်တွင် တစ်အောင်စလျှင် ၁၄၆၄ ဒေါ်လာအထိ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://www.7daydaily.com/section?id=6

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၆ ဒေါ်လာအထက်တွင် ဆက်ရှိနေပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်ပတ်ကျော်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ကျပ်၂၀ အထိ ပြန်လည်မြင့်တက်



ကမ္ဘာ့ရေနံဈေး ၅၆ ဒေါ်လာအထက်တွင် ဆက်ရှိနေပြီး ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ တစ်ပတ်ကျော်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ကျပ် ၂၀ အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင် များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာ အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်း ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက် တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ခဲ့ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက် တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၅ ရက်တွင် ၅၇ ဒေါ်လာ၊ နိုဝင်ဘာ ၁၃ ရက်တွင် ၅၆ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။

နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပြည်တွင်း စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ၉၆၀ ကျပ် (တစ်ဂါလန် ၄၃၆၄ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၉၇၀ ကျပ် (တစ်ဂါလန် ၄၄၀၉ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၇၀ ကျပ် (တစ်ဂါလန် ၃၉၅၅ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၆၅ ကျပ် (တစ်ဂါလန် ၄၃၈၇ ကျပ်) ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဉ်ပါက ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ တစ်လီတာ ကျပ် ၁၀ မှ ကျပ် ၂၀ အထိ ပြန်လည် မြင့်တက်ခဲ့သည်။

ပြည်တွင်း စက်သုံးဆီဈေးသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေး ကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက်တွင် စက်သုံးအမျိုး အစားအလိုက် ၁၁ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်းကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင်နှုန်းကျော် မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅

ရက်အထိ ခုနစ်ရာခိုင်နှုန်းကျော်မှ ကိုးရာခိုင်နှုန်းနီးပါးအထိ ပြန်တက်လာခဲ့သည်။ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စက်သုံးဆီဈေးနှုန်း လေးရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့ပြီး အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ လေးရာခိုင်နှုန်းကျော် စက်သုံးဆီဈေးနှုန်းများ ပြန်တက်လာခဲ့သည်။ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စက်သုံးဆီဈေးနှုန်းများ တစ်ရာခိုင်နှုန်းဝန်းကျင် ပြန်လည်ကျဆင်းခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

**Source:** https://news-eleven.com/article/145296

## ရန်ကုန်မြို့ ခရီးသွားမြှင့်တင်ရေး ပထမခြေလှမ်း




မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွားများအတွက် ရန်ကုန်မြို့တွင် ခရီးစဉ်နေရာသစ်များ ဖော်ထုတ်ပြီး ဆွဲဆောင်ရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့ကစီစဉ်နေသည်။ နိုင်ငံတကာအဆင့်မီ လေဆိပ်များ၊ ပြည်တွင်း၊ ပြည်ပဆိပ်ကမ်း ကြီးများရှိနေသည့် ရန်ကုန်မြို့သည် ခရီးသွားကဏ္ဍ၏ အဝင်ဂိတ်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြည်ပဧည့်သည်များအနက် အချို့သည် ရန်ကုန်လေဆိပ်သို့ ရောက်သည်နှင့် ၎င်းတို့လည်ပတ်ရန် ရည်ရွယ်ထားသည့် ပုဂံ၊ မန္တလေး၊ အင်းလေးစသည့်ဒေသများသို့ ဆက်သွားကြောင်း၊ ထိုသို့မဟုတ်ပါက ရန်ကုန်မြို့၌ ခေတ္တခဏ ညအိပ်အနားယူကာ နောက်တစ်နေ့တွင် အခြားမြို့များသို့ထွက်ခွာသွားကြောင်း ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

ရန်ကုန်မြို့သို့ သီးသန့်လည်ပတ်သည့် ခရီးသွားနည်းပါးပြီး အဓိကအားဖြင့် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်စေတီတော်ကဲ့သို့သော ဘုရားများနှင့် ဗိုလ်ချုပ်ဈေးသို့သာ လည်ပတ်သည်ဟုဆိုသည် ။ ရန်ကုန်ကို ဧည့်သည်ရောက်လာပြီးရင် တချို့က တစ်ညအိပ်မယ်။ ရွှေတိဂုံနဲ့ တခြားလည်ပတ်စရာတွေ ပြီးရင်လည်စရာ မရှိတော့ဘူး။ တချို့ကလည်း လေဆိပ်ကနေကားနဲ့ လည်ပတ်မယ့်နေရာကိုထွက်သွားတယ်'ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းကပြောသည်။ ထို့ကြောင့် ရန်ကုန်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)က ဦးစီး၍ Yangon Hotel Expo 2019, Yangon Then & Now ပြပွဲကို အောက်တိုဘာအတွင်း နှစ်ရက်ကြာ ပြုလုပ်ကာ ရန်ကုန်မြို့တော်ကိုခရီးသွားလည်ပတ်ရန် နေရာတစ်ခုဖြစ်လာစေရေး ဆွေးနွေးခဲ့သည်။ ရန်ကုန်ခရီးသွားကဏ္ဍတိုးတက်ရေး ရန်ကုန်တစ်မြို့လုံး တိုးတက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ လည်စရာတွေ နေ့ခင်းဘက် သွားလာစရာတွေ ခရီးစဉ်တွေပိုပြီး သစ်လွင်ဆန်းသစ်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါပြပွဲတွင်ပြောသည်။

ရန်ကုန်မြို့ရှိ မြို့ပြအမွေအနှစ်အများစုသည် ဗြိတိသျှကိုလိုနီခေတ်အဆောက်အအုံများ ဖြစ်နေသည့်အတွက် နိုင်ငံတကာမှ လာရောက်သည့် အခြားဘာသာဝင်များကို သာသနိကနေရာများ လိုက်လံပြသရာတွင် ယင်းဧည့်သည်များမှာ ရှေးဟောင်း

ဗိသုကာလက်ရာများအဖြစ်သာ ကြည့်မြင်နိုင်မည်ဟု ၎င်းကဆိုသည်။ ယင်းအတွက်ရန်ကုန်တွင် လည်ပတ်စရာနေရာများ၊ ညဈေးတန်းများ၊ ဆန်းသစ်သည့်ခရီးစဉ်များ အကောင်အထည်ဖော်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု တိုင်းဝန်ကြီးချုပ်ကပြောသည်။ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်နှင့် အခြား အထင်ကရ ဘာသာရေးအဆောက်အအုံ များ၊ ဗိသုကာလက်ရာနှင့် ရှေးဟောင်းအဆောက်အအုံများ၊ တွံတေး CBT ကဲ့သို့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများရှိပြီး မြို့နှင့်အနီးတစ်ဝိုက်တွင်လည်း၊ ရှေးဟောင်းသမိုင်းဝင်နေရာများ ရှိသည့်အတွက် ယင်းတို့ကိုဖော်ထုတ်ရန်လိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကပြောသည်။ လက်ရှိတွင် ရန်ကုန်တိုင်းအစိုးရအဖွဲ့က Yangon Weekend Market ကဲ့သို့သော ညဈေးတန်းများကို ပုဂ္ဂလိက ကုမ္ပဏီများနှင့်ပူးပေါင်းဖွင့်လှစ်ထားပြီး ကမ်းနားလမ်းရှိ ညဈေးတန်းကို အဆင့်မြှင့်နေကာ အထင်ကရ ဝန်ကြီးများ ရုံးကိုလည်း မကြာမီပြတိုက်အဖြစ် ဖွင့်လှစ်ရန်စီစဉ်နေသည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားဧည့်သည်များအတွက် လည်စရာနေရာများရှိသော်လည်း အချို့မှာ အခြေခံ အဆောက်အအုံ ပိုင်းတွင် လိုအပ်ချက်များရှိနေသေးသည့်အတွက် ယင်းတို့ကို အဆင့်မြှင့်တင်ရန် လိုအပ်နေသေးသည်ဟု မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။ တိုင်းရင်းသားကျေးရွာဆို ဧည့်သည်တွေ စိတ်ဝင်စားတဲ့ နေရာပေါ့နော်။ အဲဒီနေရာမှာ အခြေခံအဆောက်အအုံတွေက အဆင်မပြေဘူး။ ဒါတွေကို အဆင့်မြှင့်ဖို့လိုလာတယ်။ လာသမျှ ဧည့်သည်ကို ရွှေတိဂုံပဲပို့တာထက် တခြားလည်စရာတွေကို ဖော်ထုတ်ဖို့လိုပါတယ်ဟု ၎င်းကပြောသည်။ ထို့အပြင် ခရီးသွား မြှင့်တင်မည်ဆိုပါက ရန်ကုန်တွင် လက်ရှိကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ခြင်းကို ဖြေရှင်းခြင်း၊ ခရီးသွားဧည့်သည်များ အတွက် လည်ပတ်စရာနေရာများ၊ လျှောက်လမ်းများဖန်တီးခြင်းတို့ကို စနစ်တကျအစီအစဉ်ဆွဲကာ ပြုလုပ်သင့်သည်ဟု ဦးနောင်းနောင်းဟန်က အကြံပြုသည် ။ ဧည့်သည်တွေကို ကားနဲ့ပဲသွားပြီးတော့ ကားနဲ့ပဲလည်ဆိုတာကတော့ သူတို့လည်း လက်ခံမှာမဟုတ်ဘူး၊ မြို့အနေနဲ့ လမ်းလျှောက်တဲ့ နေရာတွေ ညဈေးတွေလုပ်ရမယ်ဟု ဦးနောင်းနောင်းဟန်က ပြောသည်။ လက်ရှိတွင် ရန်ကုန်၌ ဟိုတယ် ၃၄၆ လုံး ၊ အခန်း ၂၁၁၄၂ ခန်း၊ တည်းခိုရိပ်သာ ၁၀၇ ခု၊ အခန်းပေါင်း ၂၀၁၄ ခန်း ခွင့်ပြုပေးထားသည်။ ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ရှေးဟောင်းအဆောက်အအုံ နှစ်ထောင်ကျော်ရှိနေ ပြီး ယင်းအရေအတွက်မှာ အရှေ့တောင်အာရှတွင် အများဆုံးကျန်ရှိနေခြင်းဖြစ်သည်။

ရှေးဟောင်း ဗိသုကာအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ် အများအပြားကျန်ရှိနေခြင်းက ရန်ကုန်မြို့အတွက် အားသာချက်တစ်ခုဖြစ်ပြီး ယင်းအချက်ကိုအသုံးပြု၍ ခရီးသွားတိုးတက်ရေး အသုံးချသင့်သည်ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ စီမံချက်အရာရှိ ဦးသူရိန်အောင်ကပြောသည်။ ရှိပြီးသားဟာကို Promote လုပ်ပြီး စိတ်ဝင်စားဖွယ်ကောင်းအောင် Package လုပ်နိုင်မယ်ဆိုရင် ရန်ကုန်မြို့အတွက် ဘာမှအသစ် ဆောက်စရာ မလိုဘဲ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ အနေအထားတွေရှိပါတယ်ဟု ဦးသူရိန်အောင်ကပြောသည်။ ထို့အပြင် ရန်ကုန်မြို့လယ်သည် နှစ်အနည်းငယ်အတွင်း ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာသည့် အတွက် မြို့လယ်ကို နိုင်ငံတကာခရီးသွားဧည့်သည်များ ဆွဲဆောင်သည့်နေရာတစ်ခုအဖြစ် ဖန်တီးသင့်သည်ဟု ၎င်းကဆိုသည်။ မြို့လယ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများကို ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က လေ့လာခဲ့ရာ၂၀၁၂ မတိုင်ခင် အခြေအနေထက် ၂၀၁၂- ၂၀၁၉ အတွင်း စီးပွားရေးလုပ်ငန်း အများအပြားတိုးတက်လာကြောင်း တွေ့ရှိခဲ့သည်။ ရန်ကုန်မြို့လယ်တွင် ခရီးသွားလုပ်ငန်းနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ အလျင်အမြန်တိုးတက်လာသော်လည်း လက်ရှိအချိန်ထိ နိုင်ငံတကာ ခရီးသွားများ ဆွဲဆောင်ရာနေရာအဖြစ် မြှင့်တင်နိုင်ခြင်း မရှိသေးပေ။

ယင်းကြောင့်ပင် ရန်ကုန်မြို့၏ ရှေးအကျဆုံးနှင့် ခရီးသွားဧည့်သည် လည်ပတ်မှု အများဆုံးဖြစ် သည့် ရွှေတိဂုံစေတီနှင့် မြို့လယ်ကို ချိတ်ဆက်သည့်အနေဖြင့် ရွှေတိဂုံစေတီတော်မှ ဗိုလ်တထောင်စေတီအထိ သမိုင်းဝင်နေရာများကို ဖြတ်သန်း သွားလာမည့် လျှောက်လမ်းတစ်ခုကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အကောင်အထည်ဖော် နေသည်။ ယင်းလျှောက်လမ်းသည် ရွှေတိဂုံမှ ဗိုလ်တထောင်အထိ ငါးကီလိုမီတာနီးပါး အကွာအဝေးရှိပြီး လမ်းတစ်လျှောက် သမိုင်းဝင်နေရာများ ကြည့်ရှုနိုင်ခြင်း၊ အပန်းဖြေနေရာများတွင် နားခိုနိုင်ခြင်း၊ ရန်ကုန်မြို့၏ အထင်ကရ နေရာများကို လည်ပတ်ခြင်းစသည်တို့ကို လမ်းတစ်လျှောက်ပြုလုပ်နိုင်မည်ဖြစ်သည်။ လျှောက်လမ်းသည် ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှ

စတင်ကာ ရွှေတိဂုံဘုရားလမ်း–အလံပြဘုရား–ယောက်လမ်း–ဗိုလ်ချုပ်ဈေး–ရွှေဘုံသာလမ်း–ဗန္ဓုလလမ်း–ဆူးလေ ဘုရားလမ်း–ဘားလမ်း–ဘဏ်လမ်း–ပန်းဆိုးတန်းလမ်း–ကမ်းနားလမ်းမှတစ်ဆင့် ဗိုလ်တထောင်ဘုရားတွင် လျှောက်လမ်းပြီးဆုံးမည်ဖြစ်သည်။ လမ်းတစ်ခုလုံးနီးပါး အပြည့်လျှောက်ရမယ်လို့တော့မဟုတ်ဘူး။ လျှောက်ချင်တဲ့သူကလည်း လျှောက်မယ်။ ဒါမှမဟုတ် နားချင်တဲ့သူကလည်း ခုံလေးတွေ၊ အရိပ်ရအပင်လေးတွေနဲ့ နားလို့ရတယ်။ တိုရစ်ဇင်နဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေကလည်း ဗဟိုပြုလာမယ်ဆိုရင် တိုးရစ်ကော်ရစ်ဒါမျိုးဖြစ်သွားဖို့ မျှော်လင့်တယ်ဟု ဦးသူရိန်အောင်ကပြောသည်။

အဆိုပါ လမ်းကြောင်းဝန်းကျင်တွင် အမွေအနှစ်နေရာပေါင်း ၄၄၂ နေရာ၊ စီးပွားရေးလုပ်ငန်းပေါင်း ရှစ်ရာကျော်၊ လူဦးရေခြောက်သောင်းခွဲနေထိုင်ပြီး မြို့နေပြည်သူနှစ်သိန်းခန့်က အသုံးပြုနေသည့်အတွက် ရန်ကုန်မြို့အတွက် လည်ပတ်စရာတစ်ခုဖြစ်လာရန် ရည်ရွယ်ထားသည်။ အဆိုပါလျှောက်လမ်းကို နိုင်ငံခြားခရီးသွား ဧည့်သည်များသာမက ပြည်တွင်းနေထိုင်သူများအတွက်ပါ ဖန်တီးပုံဖော်ခြင်းဖြစ်ပြီး၊ သို့မှသာ ခရီးသွားလည်ပတ်သည့်နေရာအဖြစ် အောင်မြင်မည်ဟု ၎င်းကဆက်လက်ပြောသည်။ အိမ်သာမှ ဧည့်လာမှာဖြစ်တယ်။ တိုးရစ်တွေအတွက် မဟုတ်ဘဲနဲ့ ဒေသခံတွေအတွက်ပါ ပိုကောင်းတဲ့ ပုံစံမျိုး ဖန်တီးနိုင်မှ နှစ်ဦးနှစ်ဖက် အကျိုးရှိမယ်ဟု ဦးသူရိန်အောင်က ပြောသည်။ ။

**Source:** https://www.7daydaily.com/69745

## လက်ရှိဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသန်း ၄၀၀ ကျော်တိုးတက်

ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် ပိုမိုတိုးတက်လာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။ ယခင်ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်၊ သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းနီးပါး၊ စုစုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကျော်သာ ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန ထုတ်ပြန်ချက်များအရသိရသည်။ ယခုဘဏ္ဍာနှစ် အလားတူကာလအတွင်းတွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ၊ သွင်းကုန်ပမာဏမှာ ၁ ဒသမ ၆ ဘီလီယံ ကျော်ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်း နီးပါးရောက်ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရသည်။ အဆိုပါကာလတူအတွင်း ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာသန်း ၃၅၀ ကျော် သွင်းကုန်ပမာဏရှိသည့်အတွက် အမေရိကန်ဒေါ်လာသန်း ၆၀ နီးပါး တိုးတက်ခဲ့သည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၂၀ နီးပါး ပိုမိုတိုးတက်ခဲ့ကြောင်း ယင်းဝန်ကြီးဌာနထံမှသိရသည်။

လက်ရှိဘဏ္ဍာနှစ် နိုဝင်ဘာလ ၁ ရက်နေ့အထိ နယ်ကုန်သွယ်ရေးမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်နှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ သန်း၂၇၀ နီးပါးရှိခဲ့ပြီး ပင်လယ်ကြောင်းကုန်သွယ်မှုရှိ ပို့ကုန်ပမာဏတွင် အမေရိကန်ဒေါ်လာ သန်း ၉၆၀ ကျော်နှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။ စုစုပေါင်းကုန်သွယ်မှုတိုးတက်ခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ သွင်းကုန်တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် ကျဆင်းခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

**Source:** The Voice https://news.ydnp.net/307128/

## တရုတ်သို့ နယ်စပ်လမ်းကြောင်းက တစ်ဆင့် ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့် စတင်ရရှိ



တရုတ်သို့ နယ်စပ်လမ်းကြောင်းကတစ်ဆင့် ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့် စတင်ရရှိပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ လက်ရှိဌာနအဆင့် လက်မှတ်ထိုးပြီးသွားပြီဆိုတော့ တရုတ်ဘက်ကလည်း တရားဝင်တင်ပို့လို့ရပါပြီလို့ အကြောင်းကြားလာတယ်ဟု ၎င်းကပြောသည်။ ထိုသို့ တရားဝင်တင်ပို့ခွင့်ရရှိခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ မရှိတော့သည့်အတွက် လွတ်လပ်စွာတင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကျွဲ၊ နွား တရားဝင်တင်ပို့ရေးအတွက် နှစ်နိုင်ငံဌာနအဆင့် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အဓိကအချက်အနေဖြင့် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်နှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စစ်ဆေးခွင့်ပြု ပေးရမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကတစ်ဆင့် နေ့စဉ် ကျွဲ၊ နွားကောင်ရေ ၉၀၀ နှင့် ၁၂၀၀ ကြား တင်ပို့နိုင်သည့် အနေအထားရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ တိရစ္ဆာန်ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ဒီဘက်ကစစ်ဆေးပေးရမယ်။ ရောဂါကင်းစင်မှ တင်ပို့ခွင့်ပြုပေးရမှာပေ့ါဗျာ။ ဒီအချက်ကို အဓိက လက်မှတ်ထိုးကြတာပါဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကျွဲ၊ နွားများကို ဝယ်ယူစုဆောင်း၍ တင်ပို့သည့်နည်းလမ်းအစား ကိုယ်တိုင်မွေးမြူ၍ တင်ပို့သောစနစ်တစ်ခုကိုသွားနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်းသိရသည်။ ဒီပုံစံမျိုးဆိုမှ တစ်ပိုင်တစ်နိုင်နဲ့မွေးမြူသူတွေ အသက်ရှူချောင်မယ်။ အခုက ငွေကြေးတတ်နိုင်တဲ့ ကုန်သည်ကဝယ်ယူပြီးတော့ ဈေးကွက်တင်ပို့တယ်ဟု ပုတီးကုန်းမြို့ နို့စားနွားမွေးမြူရေး ခြံပိုင်ရှင် ဦးကျော်ဟိန်းကမှတ်ချက်ပြုသည်။ထို့ကြောင့် ကိုယ်ပိုင်မွေးမြူပြီးတင်ပို့သည့်စနစ်သည် ကျွဲ၊ နွားမွေးမြူရေးတောင်သူများအတွက် ယခင်ထက် ပိုမိုအဆင်ပြေလာနိုင်သော်လည်း ကိုယ်ပိုင်မွေးမြူသည့် ထောက်ခံချက်၊ မြက်ခင်းနှင့် စားကျက်မြေပိုင်ဆိုင်ကြောင်းထောက်ခံချက်စသည်များ လိုအပ်လာမည်ဖြစ်ကြောင်း တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးပြုလုပ်သည့် တောင်သူများကပြောသည်။ လက်ရှိ၌ အသက်ငါးနှစ်နှင့်အထက် ကျွဲ၊နွားများကိုသာ ပြည်ပသို့ တင်ပို့ခွင့်ပြုထားကြောင်း၊ တိရစ္ဆာန်မွေးမြူရေး ထောက်ခံချက်လက်မှတ်၊ မွေးမြူရေးခြံ လုပ်ငန်းမှတ်ပုံတင်လက်မှတ်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ၂၀ ရက်အထိ ကျွဲ၊ နွားကောင်ရေ ၂၈၀၀၀၀ကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၃၅၀ နီးပါးရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရသိရသည်။ ယခင်နှစ်ကာလတူ ကျွဲ၊ နွားတင်ပို့မှု စာရင်းများဖြင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၆၂ သန်းကျော် ပိုမိုရရှိခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံက ကျွဲ၊ နွားများကို တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေပြီး၂၀၁၈ ခုနှစ်က ကောက်ယူခဲ့သော တိရစ္ဆာန်သန်းခေါင်စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၇ သန်းကျော်ရှိကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## စိုက်ခင်းများကို ဒရုန်းယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းပေးသည့် ဝန်ဆောင်မှုကို မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီက မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဝန်ဆောင်မှုပေးနေပြီ

စိုက်ခင်းများကို ဒရုန်းယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းပေးသည့်ဝန်ဆောင်မှုကို မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီက မြန်မာနိုင်ငံတွင်ပထမဆုံး စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒရုန်းဖြင့် ပိုးသတ်ဆေးပက်ဖျန်းခြင်း သရုပ်ပြပွဲများကို နိုဝင်ဘာ ၄၊ ၅၊ ၆ ရက်များတွင်ရေဦး၊ ဝက်လက်၊ ရွှေဘိုမြို့နယ်များရှိ စပါးစိုက်ခင်းများတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့ဩဘာကုမ္ပဏီတို့ ပူးပေါင်းပြသခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးကပြောသည်။ မိုးစပါးစိုက်ခင်းများနှင့် ဆောင်းသီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါကြောင့်

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေး မကျဆင်းစေရန်၊ သီးနှံပိုးမွှားရောဂါ ထိန်းချုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများ ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ လယ်ယာလုပ်သားရှားပါးလာမှုနှင့် ပိုးမွှားကျရောက်မှုကို အချိန်ကုန်သက်သာပြီး ဧကများစွာ အလွယ်တကူလျင်မြန်စွာ ဒရုန်းဖြင့်ဆေးဖျန်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ကျွန်တော်တို့ တိုင်းအတွင်းမှာ တောင်သူတွေကို လက်တွေ့သရုပ်ပြနေတာပါ။ အဓိကကတော့ စိုက်ခင်းတွေက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းတွေအတွက် အချိန်နဲ့ တစ်ပြေးညီဖျန်းနိုင်ဖို့၊ လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ဖို့ ခေတ်မီနည်းပညာတွေကို တောင်သူတွေသိရှိဖို့ရည်ရွယ်ပါတယ်။ ဒီဝန်ဆောင်မှုတွေကို ရယူချင်တာဖြစ်ဖြစ်၊ ထိထိရောက်ရောက်သုံးစွဲရမယ့် ပိုးသတ်ဆေးတွေကို သက်ဆိုင်ရာမြို့နယ် သီးနှံပိုးမွှားကာကွယ်ရေးအဖွဲ့တွေဆီမှာ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်။

ဒေသတွင်း တောင်သူတွေ အကျိုးစီးပွားအတွက် ဒရုန်းဝန်ဆောင်မှုပေးနိုင်အောင်ဖိတ်ခေါ်ခဲ့တာပါ။ ပိုးအမျိုးအစားအလိုက် ဖျန်းရ မယ့် ဆေးအမျိုးအစားတွေကို စိုက်ပျိုးရေးပညာရှင်တွေက လမ်းညွှန်ပေးမှာပါ"ဟု ၎င်းကပြောသည်။တောင်သူများသည် ဒရုန်းဝန်ဆောင်မှုကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် သြဘာစိုက်ပျိုးရေးဆေးဆိုင် အရောင်းကိုယ်စားလှယ်များထံ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။ ဝန်ဆောင်ခစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ဧက ၇၀ အနည်းဆုံးစုစည်းကာ ဝန်ဆောင်မှုရယူနိုင်ကြောင်းသိရသည်။ လက်ရှိမှာတော့ ဝန်ဆောင်မှုနှစ်မျိုးရှိပါတယ်။ ဆေးဖျန်းဝန်ဆောင်မှုနှင့် ပျံသန်းဝန်ဆောင်မှု နှစ်မျိုးပေးပါတယ်။ တောင်သူတွေ ဆေးဖျန်းတဲ့အခက်အခဲတွေကို လွယ်ကူစွာဖျန်းနိုင်ပါတယ်။ လူနဲ့ဖျန်းတဲ့အခါ အပင်ကြီးတဲ့စပါးပင်တွေမှာ ကျရောက်နေတဲ့ပိုးတွေကို ထိထိရောက်ရောက်မဖျန်းနိုင်ဘူး။ ဒရုန်းနဲ့ဆိုရင် အပင်အခြေထိရောက်အောင်ဖျန်းနိုင်ပါတယ်။ အချိန်အားဖြင့်လည်း တစ်ဧကလေးမိနစ်လောက်နှုန်းနဲ့ ဖျန်းနိုင်တယ်။ တစ်နာရီအတွင်းမှာ ၁၀ ဧကဖျန်းနိုင်ပါတယ်။တောင်သူက ဆေးပေးပြီးလည်း ဖျန်းနိုင်သလို ကျွန်တော်တို့ဆီက ဆေးနဲ့လည်း ဖျန်းနိုင်ပါတယ်။ ကျရောက်နေတဲ့ပိုးပေါ် မူတည်ပြီးသုံးစွဲရမယ့် ဆေးလမ်းညွှန်မှုလည်းပေးပါတယ်။ ဝန်ဆောင်ခစရိတ်အနေနဲ့ တစ်ဧကကို ကျပ် ၅၀၀၀ နှုန်းပါ။ ရန်ကုန်ကနေ လာရောက်ဝန်ဆောင်မှုပေးရတာကြောင့် ဧက ၇၀ အနည်းဆုံးစုစည်းပြီး ဝန်ဆောင်မှုရယူနိုင်ပါတယ်။လက်ရှိမှာတော့ ဒရုန်းနှစ်စီးနဲ့ဝန်ဆောင်မှုပေးနေပါတယ်။ နောက်ပိုင်းမှာတော့ အစီးရေထပ်မံတိုးပြီး ဝန်ဆောင်မှုပေးမှာပါဟု မြန်မာပြည်အထက်ပိုင်း ဒရုန်း ဝန်ဆောင်မှုအဖွဲ့တာဝန်ခံ ကိုဝဏ္ဏကရှင်းပြသည်။ စိုက်ခင်းများတွင် ပိုးမွှားအန္တရာယ် အရေးပေါ်ကျရောက်သည့် အခြေအနေများတွင် အမြန်ဆုံးပက်ဖျန်း ထိန်းချုပ်နိုင်ပြီး တစ်ဆက်တစ်စပ်တည်း အမြန်ဆုံးဖျန်းနိုင်ခြင်းကြောင့် အခြားစိုက်ကွင်းများသို့ ကူးစက်ကျရောက်မှုကို ကာကွယ်ပြီးသားဖြစ်ကြောင်း၊ အချို့ပိုးကောင်များမှာ ညထွက်ပိုးများဖြစ်သဖြင့် ညပိုင်းတွင် လူဖြင့်ဖျန်းရန်ခက်ခဲ၍ဒရုန်းဖြင့်ဖျန်းနိုင်ကြောင်း၊ တောင်သူများ စုပေါင်းဖျန်းလျှင် လူနှင့်ဖျန်းသည့် ကုန်ကျစရိတ်ထက် သက်သာထိရောက်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က ပြောသည်။ စိုက်ခင်းများအတွင်း ပိုးသတ်ဆေးဖျန်းရာတွင် လူဖြင့်ပက်ဖျန်းပါက ကျပ် ၅၀၀၀ မှ ၈၀၀၀ ထိ ကုန်ကျစရိတ်ရှိပြီး လူတစ်ဦးလျှင် နှစ်ဧက သာပက်ဖျန်းနိုင်ကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## ဖရဲသီးဈေးကွက်ပျက်နေ၍ တောင်သူများ သယ်ယူခပင်မရ



ဖရဲသီးဈေးကွက် ဝယ်လိုအားနည်းပြီး ရောင်းလိုအားများနေသဖြင့် ဈေးများကျဆင်းကာ တင်ပို့ရောင်းချသူများ ကားခပင်ရရှိရန်ခက်ခဲနေကြောင်း ဖရဲသီးစိုက်တောင်သူများကဆိုသည်။ ဖရဲသီး ဈေးကွက်ပျက်နေတာ တစ်လလောက်ရှိနေပြီ။ တရုတ်ဘက်မှာ အသီးတွေ ထွက်နေလို့မဟုတ်ပါဘူး။ စားသုံးမှုနည်းနေတဲ့အချိန်ရယ်၊ ဒီဘက်က တင်ပို့မှုများတဲ့ အချိန်ရယ် တိုက်သွားလို့ပါဟု ဦးစိုင်းခင်မောင်ကဆိုသည်။ မြန်မာနိုင်ငံတွင် ဖရဲသီး အများစုကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြသည်။ လက်ရှိတွင် ဖရဲသီးတစ်တန်လျှင် တရုတ် ယွမ် ၆၀၀ မှ ၁,၂၀၀ အထိ အသီးအရည် အသွေးပေါ် မူတည်၍ ပေါက်ဈေးရှိသည်ဟု သစ်သီးဝလံ ကုန်စည်ဒိုင် (မူဆယ်) ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က

ပြောသည်။ မူဆယ်တွင် ဖြစ်ပေါ်နေသည့် ဖရဲသီးဈေးကွက်အခြေအနေများနှင့်ပတ်သက်၍ သစ်သီးဝလံကုန်စည်ဒိုင် (မူဆည်) က နိုဝင်ဘာ ၁၀ ရက်က သဘောထားထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သေးသည်။

မြန်မာ့စိုက်ပျိုးရေး ပို့ကုန်များအနက် အရေးကြီးပို့ကုန်တစ်မျိုးဖြစ်သည့် ဖရဲသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ခိုင်မာသည့် ဈေးကွက်ရရှိရန် ပြည်ပပို့ကုန်အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း ထုတ်ပြန်ချက်တွင်ပါဝင်သည်။ အရင်နှစ်က ဒီအချိန်မှာ ဖရဲသီးတစ်ကီလိုကို တရုတ်ငွေ သုံးယွမ်လောက်အထိ ရပါတယ်။ ဒီနှစ်က အရည်အသွေးကောင်း၊ အသီးလှလှမှ တစ်ကီလိုကို တရုတ်ငွေတစ်ယွမ်လောက်ပဲ ရပါတယ်။ ဈေးကတော့ ပုံမှန်ပြောလို့မရပါဘူး။ ဝယ်လိုအား၊ ရောင်းလိုအားအပေါ်ပဲ မူတည်တာပါဟု ဖရဲစိုက်တောင်သူ ဦးကျော်သောင်းက ပြောသည်။ ဖရဲသီးဈေးကွက် မကောင်းသည့်အတွက် စိုက်ခင်းမှ ထွက်ရှိသည့် ဖရဲသီးများကို နိုဝင်ဘာ ၂၅ ရက်ကျော်မှသာ မူဆည်သို့ တင်ပို့ရောင်းချရန် စီစဉ်ထားကြောင်း ၄င်းကဆိုသည်။ လက်ရှိတွင် မူဆယ်ဈေးကွက်အတွင်း ဖရဲသီးများ စုပြုံဝင်ရောက်နေပြီး အရည်အသွေး စံချိန်မမီသည့် ဖရဲသီးများအတွက် သယ်ယူပို့ဆောင်မှုစရိတ်လည်း ရှုံးမှုများဖြစ်ပေါ်နေကြောင်း၊ ယင်းအခြေအနေများကြောင့် တောင်သူ၊ ကားသမားနှင့် ပွဲရုံ သုံးပွင့်ဆိုင်ရင်ဆိုင်ကြရမည့် အခက်အခဲများ၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်၏ သဘောထား ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အခုဖရဲသီးအခြေအနေကတော့ မကောင်းသေးဘူး။ နောက်တစ်ပတ်လောက်နေရင် ကောင်းမယ်လို့တော့ ထင်တယ်။ အရည်အသွေးကောင်းရင် ဖရဲသီး တစ်တန်ကို ၁၄၀၀ ယွမ်အထိရတယ်။ အရည်အသွေး မကောင်းရင် ကားစီးလုံး ပုတ်ပြတ်စနစ်နဲ့ ကားပေါ်တင်ထားတဲ့ ဖရဲသီး ၁၇ တန်စလုံးကို ယွမ် ၃၀၀၀ လောက်နဲ့လည်း ရောင်းရတာပဲ။ အသီးဖိုးလုံးဝပြန်မရဘူး။ အသီးသယ်ယူပို့ဆောင်စရိတ်လောက်ပဲ ရတဲ့သဘောပေါ့ဟု ဖရဲသီးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌဦးနိုင်ဝင်းကပြောသည်။

တရုတ်နိုင်ငံတွင် ယခုအချိန်သည် ဖရဲသီးမထွက်ရှိသေးသော်လည်း လက်ကျန် အနည်းငယ်ရှိနေသေးသည့်အပြင် ဖရဲသီး စားသုံးမှု နည်းပါးသည့်ကာလဖြစ်နေကြောင်း၊ ဖရဲသီးတင်ပို့ရောင်းချလိုသူများအနေဖြင့် မူဆယ်ရှိပွဲရုံပိုင်ရှင်များထံသို့ ဈေးကွက် အခြေအနေစုံစမ်းခြင်း၊ သစ်သီးပွဲစားများနှင့်တိုင်ပင်ခြင်းတို့ ဆောင်ရွက်သင့်ကြောင်း ဦးနိုင်ဝင်းက အကြံပြု ပြောကြားသည်။ ဖရဲသီးတစ်ဧက စိုက်ပျိုးပါက အသုံးပြုသည့် သွင်းအားစုပေါ် မူတည်၍ တစ်ဧကလျှင် ကျပ် ၁၇ သိန်းမှ ၂၅ သိန်းအထိ ကုန်ကျနိုင်ပြီး တစ်ဧကလျှင် ဖရဲသီးတန်ချိန် အနည်းဆုံး ၁၀ တန်မှ အများဆုံး ၁၇ တန်အထိ ထွက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/130915.html

## STOCK EXCHANGE (14.11.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 3,599 | 41,388,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,850 | 3,900 | 3,850 | 5,990 | 23,249,000 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 639 | 14,697,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 21 | 63,000 | 12,823,224 | 38,470 |

## Market summary

As of 14th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.48 | +9.90 | +2.15% | 469.06 | 470.48 | 469.06 | 10,249 | 79,397,500 | 5 | 644,236 |

### Index chart




# Market Overview

As of 1:00 pm, 14th Nov. 2019

| MYANPIX | 470.48 ▲ 9.90 |
|---|---|
| Total Volume (shares) | 10,249 |
| Total Value (MMK) | 79 mil |
| Listed Company | 5 |
| Market Cap. (MMK) | 644,236 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |